

ANNUAL REPORT 2000-1

FMI

FIRST MYANMAR INVESTMENT COMPANY LIMITED

Contents

Financial Highlights 1

Chairman's Message 2

Managing Agent's Report 4

REVIEW OF OPERATIONS:

YOMA Bank 9

FMI Garden Development 11

FMI Syndication 13

Shine Laundry 15

Shwe Thit Min Company 17

SPA Elevators 19

Myanmar V-Pile 21

Myanmar Nissan/Myanmar Suzuki 23

SPA Motors 24

FINANCIAL SECTION

Directors' Report 28

Auditor's Report 29

Balance Sheet 2000-1 30

Profit & Loss Statement 31

Notes to Financial Statement 33

CORPORATE SECTION 39

SIGNIFICANT EVENTS 40

F M I

Stability Amid Instability

How?

The Relentless Drive To
Improve The Quality
Of Our Assets.

FIRST MYANMAR INVESTMENT COMPANY LIMITED

Financial Highlights
2000 - 2001

Assets

Kyats(million)



Net Income

Kyats(million)



Increase in Shareholders Equity

Kyats(million)





U HLA KYI
Chairman

A Message from the Chairman

The year 2000-2001, has been a very eventful year indeed for everyone with many political and economic developments taking place in the world around us. As we approach our 9th Annual General Meeting, and as we review our company's performance, we are proud to see that FMI Company Limited has met the many challenges of the past year and has served our country and our shareholders well.

Despite the difficulties, most of the entities that FMI invested in performed well, especially Yoma Bank, FMI City, Shine Laundry, Myanmar V-Pile, and the Pun Hlaing Golf Estate. Other entities such as FMI Centre, Shwe Thit Min, and SPA Motorcycle have also contributed to our profits for the year. Our investments in Myanmar Suzuki Company and Myanmar Nissan Company were the only entities not able to make a profit mainly due to import license restrictions.

As we forge toward the coming year, notwithstanding the uncertainties and changing economic conditions, I am confident that FMI will be able to rise above the challenges and be successful in achieving the goals that we have set.

I am particularly proud to record the overall confidence and trust that our Board of Advisors, Board of Directors, and our Shareholders have placed in our Managing Agent, Serge Pun & Associates Myanmar Limited and its Chairman Mr. Serge Pun, as well as in all the hardworking employees of all the entities.

In the eight years that FMI has been in existence, we are very happy to see the steady growth of the company in terms of its assets and returns. This growth would not have been possible without the continued support of shareholders.

I sincerely wish FMI every success in the coming years with the cooperative efforts of our Board of Advisors, Directors, Shareholders, and Managing Agent.

On Behalf of Board of Directors,

U Hla Kyi
Chairman

ဥက္ကဋ္ဌ၏နှုတ်ခွန်းဆက်အမှာစကား

၂၀၀၀–၂၀၀၁ခုနှစ်သည် လူတိုင်းအတွက် ဖြစ်ရပ်များနှင့်ပြည့်နှက်နေသော နှစ်တစ်နှစ် ဖြစ်ပြီး၊ ကမ္ဘာနှင့်အဝှမ်းနိုင်ငံရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကြုံတွေ့သော ကာလဖြစ်ပါ သည်။ *FMI Co., Ltd.* အနေနှင့် နဝမအကြိမ်မြောက် သင်းလုံးကျတ် နှစ်ပတ်လည် အစည်းအဝေးကြီး ကျင်းပသည့် အချိန်တွင် ကုမ္ပဏီ၏ဆောင်ရွက်ချက်များကို ပြန်လည်ဆန်းစစ်ကြည့်ပါက လွန်ခဲ့သည့်နှစ်အတွင်း အခက်အခဲနှင့်ရင်ဆိုင်ရသော်လည်း လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ကုမ္ပဏီအနေနှင့် နိုင်ငံတော်အကျိုးနှင့် အစုရှယ်ယာရှင်များအကျိုးကို ဆောင်ရွက်နိုင်ခဲ့သဖြင့် အထူးပင်ဂုဏ်ယူမိပါသည်။

FMI Co., Ltd. ရင်းနှီးမြှုပ်နှံထားသော လုပ်ငန်းခွဲအများစုအနေနှင့် ဆောင်ရွက်ချက် ကောင်းမွန်ခဲ့ပြီး အထူးသဖြင့် ရိုးမဘဏ်၊ *FMI City* (ပဒေသာပင်မြို့တော်)၊ *Shine Laundry, Myanmar V-Pile* နှင့် *Pun Hlaing Golf Estate* တို့မှာ အထူးအောင်မြင်ခဲ့ပါသည်။ ၎င်းအပြင် *FMI Centre, Shwe Thint Min, SPA Motorcycle* တို့မှလည်း အစီရင်ခံသည့်နှစ်အတွက် အမြတ်ငွေများကို ခွဲဝေပေးနိုင်ခဲ့ပါသည်။ ကျန်ရှိသောရင်းနှီးမြှုပ်နှံမှု(၂)ခုဖြစ်သော မြန်မာစူးဇူကီး ကုမ္ပဏီနှင့် မြန်မာနစ်ဆန်းကုမ္ပဏီတို့အနေနှင့် အဓိကအားဖြင့် သွင်းကုန်လိုင်စင် ကန့်သတ်ထားမှုကြောင့် ဘဏ္ဍာနှစ်တွင် အမြတ်မရရှိခဲ့ပါကြောင်း တင်ပြလိုပါသည်။

ကျွန်တော်တို့အနေနှင့် လာမည့်နှစ်အတွင်း ဆက်လက်တိုးတက်နေစေရန်အတွက် စီးပွားရေး အခြေအနေ မရေရာပြောင်းလဲနေသော်လည်း *FMI* အနေနှင့် အခက်အခဲများကို ကျော်လွန်၍ အောင်မြင်မှု ရရှိပြီး ရည်မှန်းချက်များ ပြည့်မှီလိမ့်မည်ဟု ယုံကြည်ပါသည်။

FMI ကုမ္ပဏီ၏အကြံပေးအဖွဲ့ဝင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အစုရှယ်ယာရှင်များ အနေနှင့် *Managing Agent* ဖြစ်သူ *Serge Pun & Associates (Myanmar) Ltd.* ၏ဥက္ကဋ္ဌ *Mr. Serge Pun* နှင့်တကွ၊ လုပ်ငန်းအသီးသီးတွင် အထူးကြိုးပမ်း ဆောင်ရွက်နေကြသော ဝန်ထမ်းများ အားလုံးတို့အပေါ် ယုံကြည်ကိုးစားမှုကို ကုမ္ပဏီ၏ဥက္ကဋ္ဌအနေနှင့် ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း တင်ပြလိုပါသည်။

ကုမ္ပဏီ၏သက်တမ်း လွန်ခဲ့သော(၈)နှစ်ကာလအတွင်း ပိုင်ဆိုင်မှုနှင့်ဝင်ငွေရရှိမှုများ မှန်မှန် တိုးပွားလာသည်ကိုတွေ့ရသဖြင့် အလွန်ဝမ်းမြောက်မိပါသည်။ ယခုကဲ့သို့ တိုးပွားလာခြင်း မှာလည်း အစုရှယ်ယာရှင်များ၏စဉ်ဆက်မပြတ် ပံ့ပိုးကူညီခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

လာမည့်နှစ်များတွင် *FMI* ကုမ္ပဏီ၏ အကြံပေးအဖွဲ့ဝင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာရှင်များနှင့် *Managing Agent* တို့ တက်ညီလက်ညီကြိုးပမ်း ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်ပါစေဟု ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါသည်ခင်ဗျား။

အမှုဆောင်ဒါရိုက်တာအဖွဲ့ကိုယ်စား

ဦးလုကြည်
ဥက္ကဋ္ဌ

Mr Serge Pun
Managing Agent

Managing Agent's Report

Dear Shareholders,

As SPA Myanmar Limited celebrates its Tenth Anniversary this year, I am very glad to present my Annual Report on your Company's performance for the ninth consecutive year. Despite the many serious difficulties in the economy, both regional and locally, FMI has maintained a respectable profit for the period of Fiscal Year 2000-2001, and is able to pay higher dividends than last year.

FMI's strength lies in its diversity of many strategic investments, most of them having a strong synergy amongst themselves. We have also been able to move quickly, taking advantage of new opportunities available while at the same time consolidating some of our current investments that have shown further potential. As a result, profits for the year ending 31 March 2001 amounted to Ks. 162,872,864.80. This reflects an increase of 78% over the previous year. Considering the state of the economy, I must say that this result is very satisfactory.

Your Board has recommended a dividend of Ks.2, 000 per share which is 33.33% higher than the amount paid last year. As in previous years, we will be allowing shareholders to elect to receive their dividends either in cash or in scrip. For those electing dividends in scrip, they will be entitled to receive one new share for every 16 shares held, in lieu of cash. This will effectively price the new shares at Ks. 32,000 per share representing a discount of more than 15% to the current market value. We believe that this is an attractive benefit to our shareholders.

The following pages will report to you the operational status of each entity in which your Company holds an interest. I would just like to highlight some of the significant events occurred during and after the fiscal year period.

1. Yoma Bank increased its paid-up capital from Ks.1, 000 million to Ks. 1,400 million during the year. As a result, your Company's equity in this entity increased to Ks. 520,046,548. Subsequent to year end date, Yoma Bank further increased it paid-up capital thrice to Ks. 2,500 million, thereby raising our equity to Ks.900 million. In February this year, Yoma Bank obtained license to open its 41st branch in Hpa-an. Today, Yoma Bank has the most number of branches amongst all private banks in the country.

2. The Pun Hlaing Golf Estate, in which your Company took a 7% stake in the Joint Venture Company through FMI GARDEN DEVELOPMENT CO LTD, was officially opened by Secretary-1 Lt. Gen. Khin Nyunt on the 8th of October 2000. The project gained immediate success and is today considered as 'The Pride of Myanmar'.

3. Your Company decided to participate in the sum of 10% in Pun Hlaing International Hospital, to be built within the Pun Hlaing Golf Estate grounds. This is an independent and privately owned hospital that will provide health services of international standards. With the support of the government, we are confident that Pun Hlaing International Hospital will fill the much needed gap in private sector health services.

4. Myanmar V-Pile acquired 100% of Chinthe Concrete Industries Limited from its foreign shareholders in September 2001. Chinthe is a well established Ready Mixed Concrete supplier in Yangon, widely known for its quality products.

Looking forward, I am ever more certain that your Company will continue to weather the present difficulties with confidence and focus. The year 2001-2002 promises to be a similarly successful year with a few exciting projects in the pipeline.

By the end of this year, we will be launching our new real estate development project Orchid Gardens at FMI CITY, which will again set new standards in creating a better living environment for our people.

We are also waiting to receive approval from the authorities to commence the construction of a 33,000 ton/year manufacturing plant for Sulfuric Acid, a base industrial chemical that is widely needed in many industries.

With all these projects in view, I look forward to reporting to you again next year with better results than this year. Lastly, I wish to thank all our shareholders for their enthusiasm as well as our Board of Advisors, Board of Directors for providing their guidance and never failing support.

Wishing all a most successful 2002, I remain.
Yours truly,

Serge Pun
Managing Agent

SPA MYANMAR

FMI

Managing Agent ၏အစီရင်ခံစာ

လေးစားအပ်ပါသောအစုရှယ်ယာရှင်များခင်ဗျား–

ကျွန်တော်အနေဖြင့် ယခုနှစ်တွင် *Serge Pun & Associates (Myanmar) Limited* ၏ (၁၀) နှစ်မြောက်နှစ်ပတ်လည်အခမ်းအနားကျင်းပနေချိန်နှင့်ကြုံကြိုက်စွာ *FMI Co., Ltd.* ၏လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ နဝမအကြိမ်နှစ်ပတ်လည်အစီရင်ခံစာကို တင်ပြခွင့်ရသဖြင့် အထူးဝမ်းမြောက်မိပါသည်။ ပြည်တွင်းပြည်ပစီးပွားရေးအခြေအနေများ အခက်အခဲများနှင့် ကြုံတွေ့နေချိန်တွင် *FMI Co., Ltd.* အနေနှင့် ၂၀၀၀–၂၀၀၁ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ကျေနပ်လောက်သောအမြတ်ငွေရရှိခဲ့ပြီး ယခင်နှစ်ထက် အမြတ်ဝေစု ပိုမိုခွဲဝေပေးနိုင်ခဲ့ပါကြောင်း ဝမ်းမြောက်ဖွယ်တင်ပြလိုပါသည်။

FMI ကုမ္ပဏီ၏အားသာချက်မှာ မဟာဗျူဟာကျသော ရင်းနှီးမြှုပ်နှံမှုများတွင် ဖြန့်ကျက်ထားခြင်း နှင့် ယင်းလုပ်ငန်းများမှာ အပြန်အလှန်အကျိုးပြု ပေါင်းစည်းအားဖြစ်ထွန်းစေခြင်းကြောင့်ဖြစ်ပါသည်။ ကုမ္ပဏီအနေနှင့် အခွင့်အရေးသစ်များကို လျင်မြန်စွာတုံ့ပြန်နိုင်သည့်နည်းတူ လက်ရှိရင်းနှီးမြှုပ်နှံမှုများကို စုစည်း၍ ဆင့်တက်တိုးချဲ့မှုများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထိုအတွက်ကြောင့် ၂၀၀၁ခုနှစ်မတ်လ(၃၁)ရက် နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာနှစ်အတွက် အမြတ်ငွေစုစုပေါင်းမှာ ကျပ် ၁၆၂,၈၇၂,၈၆၄,၈၀ ရရှိခဲ့ပါသည်။ ယခင်နှစ်ကထက် ၇၈% တိုးမြှင့်လာကြောင်းတွေ့ရှိရပါသည်။ နိုင်ငံ၏စီးပွားရေးအခြေအနေအရ ရရှိထားသည့်ရလာဒ်မှာ ကျွန်တော်တို့အဖို့အလွန်စိတ်ကျေနပ်စရာဖြစ်ပါသည်။

ယခုနှစ်တွင်ဒါရိုက်တာအဖွဲ့အနေဖြင့်၊ အစုရှယ်ယာ (၁) စုလျှင် အမြတ်ငွေ ကျပ် ၂၀၀၀/– ခွဲဝေပေးရန် ထောက်ခံထားပါသည်။ ယင်းအမြတ်ငွေမှာ ယခင်နှစ်ကထက် ၃၃.၃၃% ပိုမိုမြင့်မားကြောင်း တင်ပြလိုပါသည်။ လွန်ခဲ့သည်နှစ်နည်းတူ အစုရှယ်ယာရှင်များအား အမြတ်ငွေကို ငွေသား (သို့မဟုတ်) *Scrip* ရွေးချယ်ခွင့် ပေးထားပါသည်။ *Scrip* ရွေးချယ်သူရှယ်ယာရှင်များအနေနှင့် အစုရှယ်ယာ(၁၆)စု ပိုင်ဆိုင်လျှင် ရှယ်ယာအသစ်(၁)စု ရယူခွင့်ရှိပါသည်။ ထိုကြောင့် ရှယ်ယာအသစ်(၁)စု၏တန်ဘိုးမှာ ကျပ်၃၂,၀၀၀/– ဖြစ်ပြီး၊ လက်ရှိရှယ်ယာဈေးကွက်၏ပေါက်ဈေးထက် ၁၅% လျော့နည်းသက်သာပါသည်။ အစုရှယ်ယာရှင် များအတွက် စိတ်ဝင်စားဖွယ်ကောင်းသော အကျိုးအမြတ်ဖြစ်သည်ဟု ကျွန်တော်တို့ယုံကြည်ပါသည်။

နောက်ဆက်တွဲများတွင် *FMI* ကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံထားသည့် လုပ်ငန်းခွဲများ၏ လုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို တင်ပြသွားမည်ဖြစ်ပါသည်။ ကျွန်တော့်အနေနှင့် လွန်ခဲ့သောဘဏ္ဍာနှစ် အတွင်းနှင့် ယင်းနောက်ပိုင်း ကာလဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်ဖြစ်ရပ်များကို အကျဉ်းချုံး၍ ဦးစွာတင်ပြလိုပါသည်။

(၁) ရိုးမဘဏ်၏ရင်းနှီးငွေကို ကျပ်သန်း (၁,၀၀၀) မှ ကျပ်သန်း (၁,၄၀၀) အထိ ဘဏ္ဍာနှစ်အတွင်း တိုးမြှင့်ခဲ့ပါသည်။ ထိုကြောင့် *FMI* ကုမ္ပဏီ၏ရိုးမဘဏ်တွင် ရင်းနှီးမြှုပ်နှံမှုမှာ ငွေကျပ် ၅၂၀,၀၄၆,၅၄၈ အထိ တိုးမြှင့်ခဲ့ပါသည်။ ဘဏ္ဍာရေးနှစ်ကုန်ပြီးမကြာမီအတွင်း ရိုးမဘဏ်အနေနှင့် ၎င်း၏ ရင်းနှီးငွေကို သုံးကြိမ် ကျပ်သန်း ၂,၅၀၀ သို့ ထပ်မံ၍တိုးမြှင့်ခဲ့သဖြင့် *FMI* ကုမ္ပဏီ၏ပိုင်ဆိုင်မှုမှာ ကျပ်သန်း ၉၀၀ သို့ တိုးပွားခဲ့ပြီးဖြစ်ပါသည်။ ယခုနှစ်ဖေဖော်ဝါရီလအတွင်း ရိုးမဘဏ်၏(၄၁)ခုမြောက်ဘဏ်ခွဲဖြစ်သည့် ကရင်ပြည်နယ်ရှိ ဘားအံဘဏ်ခွဲကို ဖွင့်လှစ်ခွင့်ပြုမိန့်ရရှိခဲ့ပါသဖြင့် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။ ယနေ့ ရိုးမဘဏ်သည် ပုဂ္ဂလိကဘဏ်များအနက် ဘဏ်ခွဲများအများဆုံးရှိသည့် ဘဏ်ဖြစ်ကြောင်းတင်ပြလိုပါသည်။

(၂) ဖက်စပ်လုပ်ငန်းဖြစ်သည့် *Pun Hlaing Golf Estate* လုပ်ငန်းတွင် *FMI* ကုမ္ပဏီအနေနှင့် *FMI Garden Development Co., Ltd.* မှတဆင့် ၇% ထည့်ဝင်ပိုင်ဆိုင်ထားပြီး၊ အဆိုပါ *Pun Hlaing Golf Estate* ကို ၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာ (၈) ရက်နေ့တွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် ဖွင့်ပွဲအခမ်းအနားတက်ရောက်၍ ဖွင့်လှစ်ပေးခဲ့ပါသည်။ ယင်းလုပ်ငန်းမှာ အချိန်တိုအတွင်း အောင်မြင်မှုရရှိခဲ့ပြီး "မြန်မာ့ဂုဏ်ဆောင်" ဟု ထင်ရှား ကျော်ကြားခဲ့ပြီဖြစ်ပါသည်။

(၃) ပန်းလိုင်ဂေါက်ကွင်းအိမ်ရာအတွင်း တည်ဆောက်မည့် ပန်းလိုင်အပြည်ပြည်ဆိုင်ရာဆေးရုံစီမံကိန်းတွင် *FMI* ကုမ္ပဏီအနေဖြင့် ၁၀%ပါဝင်ရန် ဆုံးဖြတ်ထားပြီး ဖြစ်ပါသည်။ အဆိုပါဆေးရုံမှာသီးခြားရပ်တည်သည့် ပုဂ္ဂလိကပိုင်ဆေးရုံဖြစ်ပြီး နိုင်ငံတကာအဆင့်မှီ ကျန်းမာရေးဝန်ဆောင်မှုပေးသွားမည် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရမှ ကူညီပံ့ပိုးမှုများဖြင့် ပန်းလိုင်အပြည်ပြည်ဆိုင်ရာ ဆေးရုံအနေနှင့် ပုဂ္ဂလိကကျန်းမာရေးဝန်ဆောင်မှုကဏ္ဍတွင် လိုအပ်ချက်ကိုဖြည့်စွမ်းနိုင်မည်ဟု ကျွန်တော်တို့ယုံကြည်ပါကြောင်း တင်ပြအပ်ပါသည်။

(၄) *Myanmar V-Pile* အနေနှင့် *Chinthe Concrete Co., Ltd.* ၏၁၀၀% ပိုင်ဆိုင်မှုအားမူလပိုင်ရှင်နိုင်ငံခြားသားများထံမှ ၂၀၀၁ခုနှစ် စက်တင်ဘာလအတွင်းအပြီးပြတ် ဝယ်ယူနိုင်ခဲ့ပါသည်။ *Chinthe* သည် ရန်ကုန်မြို့တွင် အသင့်ရောစပ် ပြီးသောကွန်ကရစ် ဖြန့်ဖြူးပေးနေသော လုပ်ငန်းဖြစ်ပြီး၊ ၎င်း၏ထုတ်ကုန်အရည်အသွေးမြင့်မားမှုမှာ ထင်ရှားလူသိများပါသည်။

SPA MYANMAR

FMI

လာမည့်နှစ်အနာဂါတ်ကာလတွင် ဆက်လက်တည်ရှိနေမည့် အခက်အခဲများကို *FMI* ကုမ္ပဏီ အနေနှင့် ယုံကြည်မှုနှင့် စူးစိုက်ခြင်းဖြင့် ဆက်လက်ကျော်လွှားနိုင်မည်ဟုမှန်းဆပါသည်။ ယခု ၂၀၀၁ – ၂၀၀၂ ခုနှစ်တွင် အလားတူအောင်မြင်မှုများကို တင်ပြနိုင်မည်ဖြစ်ပြီး၊ စိတ်လှုပ်ရှားဘွယ်ကောင်းသည့် စီမံကိန်းအချို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ယခုနှစ်ကုန်ပိုင်းတွင် အိမ်ရာစီမံကိန်းအသစ်တစ်ခုဖြစ်သည့် *Orchid Garden* ကို *FMI City* အတွင်း တည်ဆောက်သွားမည်ဖြစ်ပြီး၊ ကျွန်တော်တို့ပြည်သူများ နေထိုင်မှုပိုမိုကောင်းမွန်သော ပတ်ဝန်းကျင် ဖော်ဆောင်ရာတွင် အဆင့်အတန်းအသစ်အဖြစ်ဖော်ဆောင်သွားမည်ဖြစ်ပါသည်။

စက်မှုလုပ်ငန်းများတွင်အခြေခံကျ၍ မရှိမဖြစ်ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိသော ဆာလဖျူလစ်အက်ဆစ် တစ်နှစ်တန်ချိန် ၃၃,၀၀၀ ထွက်ရှိမည့် စက်ရုံတည်ဆောက်ရေးနှင့် ထုတ်လုပ်ရေးတို့အတွက် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ခွင့်ပြုမိန့်စောင့်ဆိုင်းလျက်ရှိကြောင်းတင်ပြလိုပါသည်။

ယင်းစီမံကိန်းများရှိနေခြင်းကြောင့် လာမည့်နှစ်တွင် ယခုနှစ်အခြေအနေထက် ပိုမိုသာလွန်ကောင်းမွန်သည့် ရလာဒ်များကိုအစီရင်ခံနိုင်မည်ဟုမျှော်လင့်ပါသည်။ နိဂုံးချုပ်အားဖြင့် အစုရှယ်ယာရှင်များအားလုံး၏စိတ်အား ထက်သန်မှုကိုလည်းကောင်း၊ အကြံပေးအဖွဲ့ဝင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ ဦးဆောင်လမ်းပြမှုများနှင့် စဉ်ဆက်မပြတ်အားပေးမှုများကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါသည်။

၂၀၀၂ခုနှစ်တွင် ဆက်လက်၍ထူးခြားအောင်မြင်ကြပါစေ။

လေးစားစွာဖြင့်

Serge Pun
Managing Agent

FMI

Review of Operations



YOMA BANK Customer Service with a smile

YOMA BANK
your bank
祐瑪銀行

YOMA Bank Limited

Your Company continues to hold 34.57% interest in Yoma Bank. This year continues to show impressive growth in deposits and loans. The increment in percentage terms has been 104 % and 90 % respectively.

Despite this rapid increase in growth, Yoma Bank handled the expansion very well and bank operations continues to be smooth. This is attributed to the intensive training the bank has offered to all levels of staff over the past few years. Year end results showed net profits before tax and statutory reserves of Ks 618,486,416. (Last year, Ks.393, 632,637). Your Company received its share of Ks. 179,770,000 of dividends.

One significant matter to report is that during the year YOMA BANK increased its share capital from Ks. 1,000 million to Ks. 1,400 million. Your Company thus invested our pro rata share of this increment in the sum of Ks. 138,280,000. Subsequent to year end date, to cope with the rapid increase in our loan asset portfolio resulting from a likewise increase in deposits, the Bank increased its share capital three more times to Ks. 2,500 million. Your Company thus increased our investment in this entity to Ks. 900 million.

Another significant event was the introduction of YOMA INTERGRATED BANKING SYSTEM (YIBS) during the year. YIBS is a proprietary banking software program that was developed solely for Yoma Bank with its own unique features. By the end of Year 2001, we would have completed the installation of YIBS in all Yoma Bank branches across the nation. YIBS will enable us to serve our customers more speedily and efficiently at the same time substantially improve our Management Information Systems. This will fulfill the prerequisites for our landmark transition to total satellite on-line communication system in early 2002.

In February this year, the Bank opened its 41st branch in Hpa-an. Yoma Bank continues to hold the record for the largest branch network of all private banks in the country. Plans for further expansion to other strategic locations are well in place pending approval from the authorities.

Another area with distinctive growth is Yoma Card, the bank's Credit Card Division. Cardholders and merchant numbers increased by 70.44% (over 7,000 cardholders) and 60.44% (over 2,200 merchants) respectively during the year and the momentum continues. The evolution of a new system converting the Yoma Card from a debit card to a credit card has received wide acceptance in the market.

Overall, the outlook for YOMA BANK remains very positive and there is good reason to believe that it will gain more and more market share as the services continue to improve. This entity will no doubt again contribute significantly to the results of your Company in the coming year.

YOMA Bank Limited

FMI ကုမ္ပဏီအနေနှင့် ရိုးမဘဏ်တွင် ၃၄.၅၇% ကို ဆက်လက်ပိုင်ဆိုင်ထားပါသည်။ ယခုနှစ် အတွက် အပ်နှံငွေနှင့် ချေးငွေတို့ ကျေနပ်လောက်အောင်တိုးတက်ခဲ့ပါသည်။ တိုးတက်မှုမှာ ရာခိုင်နှုန်း အားဖြင့် ၁၀၄% နှင့် ၉၀% အသီးသီးဖြစ်ကြပါသည်။

ဤကဲ့သို့ လျှင်မြန်စွာတိုးတက်ခဲ့သော်လည်း ရိုးမဘဏ်အနေနှင့် တိုးချဲ့မှုကို အထူးကောင်းမွန်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး၊ လုပ်ငန်းလည်ပတ်မှုမှာ အဆင်ပြေချောမွေ့ခဲ့ပါသည်။ အဓိကအကြောင်းရင်းမှာ ဘဏ် ဝန်ထမ်းအဆင့်အားလုံးကို လွန်ခဲ့သောနှစ်အနည်းငယ်ကပင် သင်တန်းများကို အားသွန်ခွန်စိုက်ပို့ချပေးနိုင် ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ ဘဏ္ဍာနှစ်အတွက် အခွန်မဆောင်မီနှင့် သီးသန့်ရန်ပုံငွေ မဖယ်ရှားမီ အမြတ်ငွေ အဖြစ် ကျပ် ၆၁၈,၄၈၆,၄၁၆ ရရှိခဲ့ပါသည် (ယခင်နှစ် ကျပ် ၃၉၃,၆၃၂,၆၃၇)။ *FMI* ကုမ္ပဏီ အနေနှင့် အမြတ်ဝေစု ကျပ် ၁၇၉,၇၇၀,၀၀၀ ရရှိခဲ့ပါသည်။

ထူးခြားဖြစ်စဉ်အနေနှင့် ရိုးမဘဏ်၏ရင်းနှီးငွေအစုရှယ်ယာကို ကျပ် သန်း ၁,၀၀၀ မှ ကျပ်သန်း ၁,၄၀၀ အထိ တိုးမြှင့်ခဲ့ပါသည်။ *FMI* ကုမ္ပဏီ အနေနှင့် အချိုးကျထည့်ဝင်ခဲ့ပြီး ကျပ် ၁၃၈,၂၈၀,၀၀၀ တိုးမြှင့်ထည့်ဝင်ခဲ့ပါသည်။ ဘဏ္ဍာနှစ်ကုန်ပြီးချင်း ဘဏ်အပ်နှံငွေများတိုးတက်လာခြင်းကြောင့် ပိုင်ဆိုင်မှု နှင့် ချေးငွေအချိုး ရုတ်ချည်းတိုးတက်ပြောင်းလဲမှုကို အမီလိုက်နိုင်ရန်အတွက် ရင်းနှီးငွေ အစုရှယ်ယာကို ကျပ်သန်း ၂,၅၀၀အထိ သုံးကြိမ်တိုးမြှင့်ခဲ့ပါသည်။ ထိုကြောင့် ယင်းလုပ်ငန်းတွင် *FMI* ကုမ္ပဏီ၏ ရင်းနှီး မြှုပ်နှံမှုမှာ ကျပ်သန်း ၉၀၀ အထိတိုးမြှင့်ခဲ့ပါသည်။

အခြားထူးခြားဖြစ်စဉ်တစ်ရပ်မှာ လွန်ခဲ့သောနှစ်အတွင်း *YOMA INTEGRATED BANKING SYSTEM (YIBS)* ကို မိတ်ဆက်ပေးခြင်းဖြစ်ပါသည်။ *YIBS* သည် ရိုးမဘဏ်အတွက် သီးသန့်ရေးဆွဲသော ဘဏ်လုပ်ငန်းကွန်ပျူတာစနစ်ဖြစ်ပြီး အများနှင့်မတူညီသော သီးခြားအင်္ဂါရုပ်များပါဝင်ပါသည်။ ၂၀၀၁ခု နှစ်ကုန်တွင် နိုင်ငံအနှံ့ရှိ ရိုးမဘဏ်ခွဲအားလုံးတွင် *YIBS* တပ်ဆင်ပြီးစီးမည်ဖြစ်ပါသည်။ *YIBS* တပ်ဆင် ခြင်းကြောင့် ဖောက်သည်များအား ပိုမိုလျင်မြန်ကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်သည့်အပြင် သတင်း အချက်အလက်များ ရရှိဖြန့်ဝေမှုစနစ် အထူးတလည်တိုးတက်ကောင်းမွန်စေမည်ဖြစ်ပါသည်။ ထိုအပြင် ၂၀၀၂ခုနှစ်ဦးပိုင်းတွင် စတင်သုံးစွဲမည့် ဂြိုလ်တုဖြင့်အချိန်ပြည့်တိုက်ရိုက်ဆက်သွယ် အသုံးပြုမည့် ဆက်သွယ်ရေး စနစ်အတွက်လည်း ကြိုတင် ပြင်ဆင်ပြီးဖြစ်ပါသည်။

ယခုနှစ်ဖေဖော်ဝါရီလအတွင်း ရိုးမဘဏ်အနေနှင့် ၄၁ ခုမြောက်ဘဏ်ခွဲကို ဘားအံမြို့တွင်ဖွင့်လှစ် နိုင်ခဲ့ပါသည်။ ရိုးမဘဏ်အနေနှင့် ပုဂ္ဂလိကဘဏ်များအနက် ဘဏ်ခွဲအများဆုံးအဖြစ် ဆက်လက်ရပ်တည် နေဦးမည်ဖြစ်ပါသည်။ မဟာဗျူဟာကျသောနေရာများတွင် ဆက်လက်တိုးချဲ့ရန်အတွက် လျာထားချက်ထားရှိပြီး၊ သက်ဆိုင်ရာ အာဏာပိုင်များ၏ခွင့်ပြုချက်ကို စောင့်ဆိုင်းနေပါသည်။

အခြားထူးထူးခြားခြားတိုးတက်လာသည့်အပိုင်းမှာ ရိုးမဘဏ်၏အကြွေးဝယ်ကဒ်ဌာန ရိုးမကဒ် လုပ်ငန်း ဖြစ်ပါသည်။ ကဒ်ကိုင်ဆောင်သူနှင့် ကဒ်လက်ခံသူကုန်သည်ပေါင်း ၇၀.၄၄% (ကဒ်ကိုင်ဆောင် သူ ၇,၀၀၀ ကျော်) နှင့် ၆၀.၄၄% (ကုန်သည်ပေါင်း ၂,၂၀၀ ကျော်) လွန်ခဲ့သောနှစ်အတွင်း အသီးသီး တိုးတက်ခဲ့ပြီး၊ ယင်းတိုးတက်မှုအဟုန်မှာ ဆက်လက်တည်ရှိနေပါသည်။ စနစ်သစ်ဖြင့် ရိုးမကဒ်အား ငွေကြေးသွင်းကဒ်မှ အကြွေးဝယ်ကဒ်သို့ တိုးတက်ပြောင်းလဲခဲ့သဖြင့် ဈေးကွက်တွင် ရိုးမကဒ်အား ကျယ်ကျယ်ပြန့်ပြန့် လက်ခံခဲ့ကြပါသည်။

ခြံငုံသုံးသပ်လျှင် ရိုးမဘဏ်အပေါ်မျှော်မှန်းချက်မှာ ဆက်လက်၍အထူးကောင်းမွန်ပြီး၊ ၎င်း၏ ဝန်ဆောင်မှု တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ဈေးကွက်ရှယ်ယာကိုပိုမိုရရှိလာမည်ဟု လက်ခံထားပါ သည်။ ယင်းလုပ်ငန်းအနေနှင့် လာမည့်နှစ်အတွက် *FMI* ကုမ္ပဏီ၏ရလာဒ်အတွက် အဓိကနေရာမှပါဝင် နေမည်ဟု အကြွင်းမဲ့ယုံကြည်ရပါသည်။

Orchid Gardens
U Maung Maung Swe, Assistant Director with the Sales & Marketing Team

FMI Garden Development Limited

Your Company holds 47.5% interest in this real estate development company.

FMI GARDEN DEVELOPMENT LIMITED had a good year as sales picked up gradually from last year's low and remained consistent on the uptrend. Market statistics have shown that the overall real estate market was still very weak in Yangon during the year, but the general situation did not seem to apply to FMI CITY. We were able to sell a good number of homes and housing lots and achieved a sales turnover of Ks.587, 543,046 for the period ending March 31, 2001.

This success can be mainly attributed to the fact that FMI CITY delivered its promise to provide a better living environment by providing a neighborhood center with supermarket, bank, restaurant, hair salon, laundry services, and other conveniences in addition to the recreational center with swimming pool, tennis court, medical clinic, etc. There is no other place in Yangon where similar facilities can be found within a residential community catering to its residents.

Tandem with the increased sales volume, the price of homes in FMI CITY has likewise appreciated in value, providing home owners in our development an attractive return on their investment.

Another very positive aspect was the performance of PUN HLAING GOLF ESTATE (PHGE), in which FMI GARDEN DEVELOPMENT holds a 7% indirect interest. Since its opening on the 8th of October 2000, this premier development has become widely accepted as 'The Pride of Myanmar', a title which we are justly proud of. Sales in PHGE have exceeded projections and continue to be very strong. Although PHGE will not be paying out a dividend for at least another 2 years until the main infrastructure developments are complete, the medium to long term outlook is highly promising and we do expect it to contribute to the company's profits in a substantial way in years to come.

This entity finished the year with a profit of Ks. 23,212,755 and declared a dividend of Ks. 20,000,000. Your Company's share of the dividend is thus Ks. 9,500,000.

A new project which will launch at the end of 2001 will be Orchid Gardens at FMI CITY. We are optimistic that this project will be successful and look forward to reporting to you on the results in my next report.

Pun Hlaing Golf Course

FMI Garden Development Limited

ယင်းအိမ်ရာဖော်ထုတ်ဖွံ့ဖြိုးရေးကုမ္ပဏီတွင် *FMI*ကုမ္ပဏီမှ ၄၇.၅% ပိုင်ဆိုင်ပါသည်။

FMI Garden Development Ltd. လုပ်ငန်းအနေနှင့် အိမ်ရာရောင်းချမှုအခြေအနေ ယခင်နှစ်နိမ့်ကျနေရာမှ ယခုနှစ်တွင် ဖြည်းဖြည်းနှင့်မှန်မှန်တိုးတက်ရောင်းချနိုင်ခဲ့ပါသည်။ ဈေးကွက်စာရင်းဇယားအရ ယခုနှစ်အတွင်း ရန်ကုန်မြို့တော်အတွင်း အိမ်ရာဈေးကွက်နိမ့်ကျနေဆဲဖြစ်သော်လည်း *FMI City* (ပဒေသာပင်မြို့တော်) ကို အထူးထိခိုက်မှုမရှိခဲ့သဖြင့် ဤဘဏ္ဍာနှစ်အတွင်း အိမ်ရာများနှင့် မြေကွက်များကို ကျပ်သိန်း၀ါးထောင်ကျော်ဖိုး ရောင်းချနိုင်ခဲ့ပါသည်။

ဤသို့အောင်မြင်ခဲ့ရခြင်းမှာ *FMI City* (ပဒေသာပင်မြို့တော်)အနေနှင့် ပိုမိုကောင်းမွန်သော လူနေမှုပတ်၀န်းကျင်အတွက် ၎င်း၏ကတိကဝတ်အတိုင်း ရေကူးကန်၊ အားကစားရုံ၊ တင်းနစ်ကစားကွင်း၊ ဆေးပေးခန်း စသည်တို့ပါ၀င်သည့် အပန်းဖြေ *Recreation Centre* အပြင် *Supermarket* ၊ ဘဏ်၊ စားသောက်ဆိုင်၊ ဆံသဆိုင်၊ ပင်မင်း၀န်ဆောင်မှုလုပ်ငန်းနှင့် အခြားဆိုင်ခန်းများပါ၀င်သည့် *Neighbourhood Centre* ကိုပါ တည်ဆောက်ပေးခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ နေထိုင်သူများအတွက် အလားတူလူနေမှုပတ်၀န်းကျင်အရည်အသွေးကို ရန်ကုန်မြို့အတွင်း အခြားမည်သည့်လူနေအိမ်ရာမှ ပေးစွမ်းနိုင်ခြင်း မရှိသေးပါ။

ရောင်းချမှုပမာဏတိုးမြှင့်လာခြင်းနှင့် *FMI City* (ပဒေသာပင်မြို့တော်) အိမ်ဈေးများမှာလည်း ၎င်း၏ပကတိတန်ဘိုးကိုထင်ဟပ်၍တိုးမြင့်လာသောကြောင့် မြို့တော်ရှိအိမ်ပိုင်ရှင်များအနေဖြင့် ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုအတွက် ထိုက်သင့်သောအကျိုးအမြတ်ရရှိကြပါသည်။

ထိုအပြင် *FMI Garden Development Ltd.* မှတဆင့် ၇% သွယ်ဝိုက်ပိုင်ဆိုင်ထားသည့် *Pun Hlaing Golf Estate (PHGE)* သည်လည်း နောက်ထပ်အလားအလာကောင်းသောလုပ်ငန်းဖြစ်ပါသည်။ ၂၀၀၀ပြည့်နှစ်၊ အောက်တိုဘာလ၊ (၈) ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည့် ယင်းအဆင့်မြင့်တည်ဆောက်မှုစီမံကိန်းအနေနှင့် *"The Pride of Myanmar"* "မြန်မာ့ဂုဏ်ဆောင်"ဟူသော ဂုဏ်ပုဒ်ကို ထိုက်ထိုက်တန်တန်ဖြင့် ကျယ်ပြန့်စွာလက်ခံကြသောကြောင့် ကျွန်တော်တို့အဖို့ဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။ အိမ်ရာရောင်းချမှုမှာ မျှော်မှန်းချက်များ ကျော်လွန်၍ ရောင်းအားအလွန်ပင်ကောင်းပါသည်။ သို့သော်လုပ်ငန်းတွင် အဓိကကျသည့် အခြေခံအဆောက် အအုံများပြီးစီးအောင်တည်ဆောက်နေဆဲကာလဖြစ်သည့်အတွက်၊ နောက် (၂)နှစ်ကျော်မှသာလျှင်ယင်းလုပ်ငန်းမှအမြတ်ဝေစုခွဲဝေပေးနိုင်ဖြစ်ပြီး၊နှစ်လတ်နှင့်နှစ်ရှည်ကာလအတွက်အထူးကောင်းမွန်၍ နောင်လာမည့်နှစ်များတွင် ကုမ္ပဏီ၏အမြတ်အစွန်းကို သိသိသာသာ အထောက်အကူပြုမည်ဟုခန့်မှန်းထားပါကြောင်း တင်ပြလိုပါသည်။

ဤလုပ်ငန်းခွဲအနေနှင့် ၂၀၀၀–၂၀၀၃ခုနှစ်ဘဏ္ဍာရေးတွင် အမြတ်ငွေ ကျပ် ၂၃,၂၁,၇၅၅ရရှိခဲ့ပြီး၊ အမြတ်ဝေစုကျပ် ၂၀,၀၀၀,၀၀၀ ခွဲဝေပေးခဲ့ရာ *FMI* ကုမ္ပဏီအနေနှင့် အမြတ်ဝေစု ကျပ် ၉,၅၀၀,၀၀၀ ရရှိခဲ့ပါသည်။

၂၀၀၃ခုနှစ်အကုန်တွင် *FMI City*(ပဒေသာပင်မြို့တော်)အတွင်း *Orchid Garden* ဟူသော စီမံကိန်းအသစ်ကို စတင်ရောင်းချမည်ဖြစ်ပါသည်။ ယင်းစီမံကိန်းနှင့်စပ်လျဉ်း၍ အလားအလာ ကောင်းလိမ့်မည်ဟု ကျွန်တော်တို့ယုံကြည်ထားပြီး ရလာဒ်အခြေအနေများကို နောင်တင်ပြမည့်အစီအရင်ခံစာတွင်ဖော်ပြသွားမည်ဖြစ်ကြောင်း တင်ပြလိုပါသည်။

FMI Centre
a landmark
in the heart of
Yangon

FMI Syndication Limited

Your Company continues to own 26% interest in this income producing property. During the year, the office rental market did not demonstrate any positive sign of improvement as many foreign companies have downsized their operations in Yangon or closed their operations completely. With the market shrinking, the competition for office rental has become even keener with substantial reduction in rental across the city. Consequently, occupancy factor for our office space fell to 64%. In addition, market forces further compelled us to reduce our rental rates by approximately 33%.

Due to constant maintenance upkeep and strong management, the shopping plaza portion of the building continues to enjoy full occupancy. Rentals improved marginally too. In order to improve our occupancy, management decided to convert half of the 4th floor office portion into a theme shopping arcade, aptly named 'The Teen Zone'. This area has been well leased out.

Earlier in the year, we were successful in soliciting Yoma Bank to move its Headquarters and some departments to FMI CENTRE at local rates. Currently, Yoma Bank occupies two full floors in the building at full market rate. This has further mitigated the vacancy factor in the office portion and provided us with a premier tenant.

The financial results of this entity for the year showed a profit after tax of Ks. 119,534,792 (last year: Ks.158, 811,237). Dividends declared for the year was Ks.111,290,000 of which your Company received Ks. 28,935,400 as its share.

The outlook for this entity remains cautiously stable and we do not expect too much more downward movement in rental and occupancy.

FMI Syndication Limited

ဤရင်းနှီးမြှုပ်နှံမှုအဆောက်အအုံတွင် *FMI* ကုမ္ပဏီအနေနှင့် ၂၆% ဆက်လက်ပိုင်ဆိုင်ထားပါသည်။ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်မြို့ရှိ နိုင်ငံခြားကုမ္ပဏီအမြောက်အများ လုပ်ငန်းများလျော့ချခြင်း (သို့မဟုတ်)လုံးဝရုတ်သိမ်းသွားခြင်းတို့ကြောင့် ရုံးခန်းများငှားရမ်းမှုဈေးကွက်ဆက်လက်၍ တိုးတက်မှုလက္ခဏာမပြခဲ့ပါ။ ဈေးကွက်ကျဉ်းမြောင်းသွားခြင်းနည်းတူ နေရာအနှံ့ရုံးခန်းငှားရမ်းမှုအလွန်အကျွံကျဆင်းသဖြင့် ပြိုင်ဆိုင်မှုပိုမိုပြင်းထန်ခဲ့ပါသည်။ ထိုကြောင့် ရုံးခန်းငှားရမ်းမှုမှာ ၆၄% အထိ ကျဆင်းခဲ့ပါသည်။ ထို့အပြင်ဈေးကွက်ဖိအားပေးမှုကြောင့် ရုံးခန်းငှားရမ်းခနှုန်းထားများကိုလည်း ၃၃% ခန့်အထိ လျော့ချခဲ့ပါသည်။

ပုံမှန်ထိန်းသိမ်းပြင်ဆင်မှုနှင့် အုပ်ချုပ်မှုကောင်းမွန်ခြင်းတို့ကြောင့် ဆိုင်ခန်းငှားရမ်းမှုမှာ ရာနှုန်းပြည့် ငှားရမ်းထားနိုင်ခဲ့ပါသည်။ ဆိုင်ခန်းငှားရမ်းမှုမှာ မဆိုသလောက်တိုးတက်ခဲ့ပါသည်။ ငှားရမ်းရမှုဝင်ငွေတိုးတက်စေရန်အတွက် အုပ်ချုပ်ရေးအဖွဲ့အနေနှင့် (၄)ထပ်ရှိရုံးခန်းအချို့ကို ဈေးဆိုင်ခန်းတွဲအဖြစ်ပြောင်းလဲခဲ့ပြီး *"The Teen Zone"* ဟုအမည်ပေးခဲ့ပါသည်။ ယင်းနေရာမှာ ကောင်းစွာငှားရမ်းထားနိုင်ပါသည်။

ယခုနှစ်ဦးပိုင်းကာလတွင် ရိုးမဘဏ်ရုံးချုပ်နှင့်ဌာနအချို့အား *FMI Centre* သို့ ပြောင်းရွှေ့ရန် ကြိုးပမ်းခဲ့ရာအောင်မြင်ခဲ့ပြီး ပြည်တွင်းဈေးနှုန်းဖြင့် ငှားရမ်းခဲ့ပါသည်။ လောလောဆယ်တွင် ရိုးမဘဏ်အနေနှင့် အထပ် (၂) ထပ်ကို ဈေးကွက်ပေါက်ဈေးဖြင့် ငှားရမ်းထားပါသည်။

ဤလုပ်ငန်းခွဲအနေဖြင့် ဘဏ္ဍာနှစ်အတွက် အခွန်ဆောင်ပြီး၊ အသားတင်အမြတ်ငွေကျပ် ၁၁၉,၅၃၄,၇၉၂/- (ယခင်နှစ် ကျပ် ၁၅၈,၈၁၁,၂၃၇) ရရှိခဲ့ပြီး၊ အမြတ်ဝေစုကျပ် ၁၁၁,၂၉၀,၀၀၀/- ပေးဝေခဲ့ရာ *FMI* ကုမ္ပဏီ အနေနှင့် အမြတ်ဝေစု ကျပ် ၂၈,၉၃၅,၄၀၀/-ရရှိခဲ့ပါသည်။

ဤလုပ်ငန်းခွဲ ရှေ့မျှော်မှန်းချက်မှာ တည်ငြိမ်စွာရပ်တည်နိုင်ရေးအတွက် ဂရုပြုရမည်ဖြစ်ပြီး၊ ငှားရမ်းခနှင့် ငှားရမ်းမှုများ ဆက်လက်၍ အလွန်မနိမ့်ကျနိုင်ဟု ကျွန်တော်တို့ခန့်မှန်းပါသည်။

FMI Centre Security Team

A modern boutique at the Teen Zone

New Corporate Image for Shine Laundry

SHINE Professional Dry Clean & Laundry Services

Your company continues to own 35% of this entity. After being in successful operations for seven years and building up a wide clientele served by four outlets in the city, this entity embarked on a new corporate image campaign to reposition itself and to streamline its operations to cope better with the increase in business. Major renovation of all outlets was completed in June and Shine Laundry launched a new logo and a new look in July.

In its effort to improve its operations, three of the entity's managers were sent to Bangkok this year for a special training course to familiarize and update them with the latest laundry and dry-cleaning techniques in preparation for its re-launch.

This new corporate image has helped to reinforce Shine Laundry as a major laundry service provider in Yangon and since its re-launch, the entity recorded an unprecedented net profit of K. 6,456,700 during the year and declared a dividend of K. 5,000,000 from which your Company received its share of K. 1,750,000.

Despite the significant increase in general expenses, particularly capital and utilities bills, this entity, under the capable charge of it managers, has been able to maintain its profitable position. The additional investment in professional dry cleaning machinery and new detergent products has also enabled this entity to offer more professional dry cleaning services and increased its customer base.

In the coming year, this entity's main focus will be to widen its commercial coverage through better quality control, pricing policies supported with services that are more professional. The outlook for this entity is good as more locals are beginning to utilise and appreciate this professional service and we look forward to another good year from Shine.

SHINE Professional Dry Clean & Laundry Services

ဤလုပ်ငန်းတွင် *FMI* ကုမ္ပဏီမှ ၃၅% ကို ဆက်လက်ပိုင်ဆိုင်ထားပါသည်။ (၇)နှစ်ကျော် လုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်ခဲ့ပြီး ရန်ကုန်မြို့တွင် ဆိုင်ခွဲ (၄) ခုဖြင့် ကြီးမားကျယ်ပြန့်သော ဖောက်သည်ထုကြီးကို ဝန်ဆောင်မှုပေးခဲ့ပြီးနောက် တိုးပွားလာသော လုပ်ငန်းများကို ပိုမိုကောင်းမွန်စွာ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ကုမ္ပဏီအား အသွင်အပြင်သစ် ပြန်လည် ဆန်းသစ်တည်ဆောက်ခဲ့ပါသည်။ ဒွန်လအတွင်း ဆိုင်ခွဲအားလုံးကို အဓိကကျသည့်ပြင်ဆင်မှုများ ပြီးစီးအောင် ဆောင်ရွက်ခဲ့ပြီး တံဆိပ်အသစ်၊ အသွင်သစ်ဖြင့် *Shine Laurdry* ကို ဇူလိုင်လအတွင်း ပြန်လည်ဆန်းသစ် ဖွင့်လှစ်ခဲ့ပါသည်။

လုပ်ငန်းဆောင်ရွက်မှုတိုးတက်စေရန်အတွက် လုပ်ငန်းမန်နေဂျာ(၃)ဦးကို ယခုနှစ်အတွင်း ဘန်ကောက်သို့စေလွှတ်၍ အထူးသင်တန်းများတက်ရောက်စေခြင်းဖြင့် နောက်ဆုံးပေါ်ပင်မင်းနှင့် အခြောက်လျှော်နည်းပညာရပ်များအား လေ့လာကျွမ်းဝင်စေခဲ့ပြီး ပြန်လည်ဆန်းသစ်မှုအတွက် အဆင်သင့် ဖြစ်စေခဲ့ပါသည်။

ယင်းကဲ့သို့ အသွင်သစ် ဖော်ဆောင်ခြင်းသည် *Shine Laundry* အား ရန်ကုန်မြို့တွင် အဓိကပင်မင်းလုပ်ငန်းအဖြစ် အားဖြည့်ပေးသကဲ့သို့ ပြန်လည် ဆန်းသစ်ချိန်မှစ၍ ယင်းလုပ်ငန်းအနေ နှင့် ရေးယခင်ကမကြုံဘူးသည့် ဘဏ္ဍာနှစ်အတွက် အသားတင်အမြတ်ငွေ ကျပ် ၆,၄၅၆,၇၀၀/- ရရှိခဲ့ရာ အမြတ် ဝေစု ကျပ် ၅,၀၀၀,၀၀၀/- ခွဲဝေပေးနိုင်ခဲ့ပြီး *FMI* ကုမ္ပဏီအနေဖြင့် ၎င်း၏ ဝေစု ကျပ် ၁,၇၅၀,၀၀၀/-ရရှိခဲ့ပါသည်။

အထွေထွေအသုံးစရိတ်များ အထူးသဖြင့် ငွေရင်းစိုက်ထုတ်မှုနှင့် စရိတ်ဘိလ်များတိုးမြင့်ခဲ့သော်လည်း ယင်းလုပ်ငန်း၏မန်နေဂျာများမှ ဦးဆောင်မှုပေးနိုင်ခြင်းကြောင့် အမြတ်ရရှိအောင် ထိန်းထားနိုင်ပါသည်။ သီးသန့် အခြောက်လျှော်စက်ပစ္စည်းသစ်များတွင်ရင်းနှီးမြှုပ်နှံခြင်းနှင့် ချေးချွတ်ဆပ်ပြာမှုန့်သစ်များသုံးစွဲခြင်းတို့ကြောင့် ၎င်းလုပ်ငန်းအနေနှင့် အဆင့်မြင့်အခြောက်လျှော်ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီး ဖောက်သည်အရေအတွက် တိုးပွားစေခဲ့ ပါသည်။

လာမည့်နှစ်တွင် ယင်းလုပ်ငန်းခွဲအနေနှင့် ပိုမိုကောင်းမွန်သည့်အရည်အသွေးမြင့် ထိန်းသိမ်းခြင်းနှင့် ဈေးနှုန်းဆိုင်ရာမူဝါဒများ၊ ပညာရှင်အရည်အသွေးဝန်ဆောင်မှုများဖြင့် စီးပွားဖြစ်ဈေးကွက်ချဲ့ထွင်သွားမည် ဖြစ်ပါသည်။ ယင်းလုပ်ငန်း၏ပညာရှင်အရည်အသွေးကိုအသိအမှတ်ပြုခြင်းနှင့် အားပေးသုံးစွဲမှုများ ပိုမိုများပြားလာခြင်းတို့ကြောင့် ယင်းလုပ်ငန်းအတွက် မျှော်မှန်းချက်မှာ ကောင်းမွန်ပြီး၊ လာမည့်နှစ်အတွက် ပိုမိုကောင်းမွန်လိမ့်မည်ဟု ယုံကြည်ပါသည်။

Pryda Trusses in production

Wood Technology Industries

A MEMBER OF THE SPA GROUP

SHWE THIT MIN Company Limited

Your Company has a 20% interest in this entity that produce Pryda Roof trusses for the home construction industry as well as wood based furniture. This is the third year of its operations and this entity has shown impressive result by producing a profit of Ks. 19,062,864.

This is particularly commendable in light of the soft real estate market and a sharp decrease in home construction in the country during the last two years.

Combined with carried forward profits, the company has a distributable profit of Ks. 26,032,463. The directors have resolved to pay a dividend of Ks. 15,000,000 for the year and your company's share of the dividends amounts to Ks. 3,000,000.

During the year, Shwe Thit Min Company Limited and Home Improvement Centre were merged into Wood Technology Industries (WTI). Home Improvement Centre is an interior decoration company owned as to 50% by FMI GARDEN DEVELOPMENT LTD.

The objective for such a merger was to stream line the management and production output of both entities, to fully utilise the synergy that exist between these related businesses so as to achieve the highest economies of scale. After the merger, the two entities will continue to operate independently but under the same shareholding and management.

Prior to the merger, your Company owns 20% of Shwe Thit Min directly and 23.75% of Home Improvement Centre indirectly. After the merger, your Company owns 21.4% of WTI and in return, WTI holds 100% of both entities.

We are optimistic that this new entity will perform well in the coming years.

SHWE THIT MIN Company Limited

